**Arakan Humanitarian Coordination Team (AHCT)**

**ရခိုင်လူသားချင်းစာနာထောက်ထားညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့**

**<u>ဝန်ထမ်းဖိတ်ခေါ်ခြင်း</u>**

| | |
|---|---|
| **ဖိတ်ခေါ်သည့်အလုပ်ရာထူး** | **– Researcher (ဒေသခံ သုတေသီ)** |
| **ခန့်အပ်မည့် ဦးရေ** | **– ၂ ဦး** |
| **တာဝန်ထမ်းဆောင်ရမည့် ကာလ** | **– ၆ လ (စာချုပ် သက်တမ်းတိုးရန် ရှိသည်)** |
| **တာဝန်ထမ်းဆောင်ရမည့် နေရာ** | **– စစ်တွေမြို့၊ ရခိုင်ပြည်နယ်** |
| **အကျိုးခံစားခွင့်များ** | **– အခြေခံလစာ၊ ဖုန်းဘေလ်ခံစားခွင့်၊ မဲပေးခွင့် ခွင့်ရက်များ** |
| **လျှောက်လွှာပေးပို့ရမည့် နောက်ဆုံးရက်** | **– ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ သောကြာနေ့ ည(၁၂) နာရီ** |

### အဖွဲ့အစည်းမိတ်ဆက်

ရခိုင်လူသားချင်းစာနာထောက်ထားရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့အခြေစိုက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို တစိုက်မတ်မတ်ဆောင်ရွက်နေကြသည့် ဒေသခံအဖွဲ့ (၆) ဖွဲ့ဖြစ်သော ရခိုင်တိုင်းရင်းသားများနွယ်များ အစည်းအရုံး (REC)၊ ဝံလက်ဖောင်ဒေးရှင်း (ရခိုင်ပြည်)၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ (PDI-Kintha)၊ ပြည်သူများအတွက်ပြည်သူ (PFP)၊ ရခိုင်လူငယ်မျိုးဆက်သစ်များကွန်ရက် (RYNGN))နှင့် ရပ်ရွာလူထုစွမ်းဆောင်ရည်နှင့် ဘေးဒဏ်ခံနိုင်စွမ်းတိုးမြင့်ရေးအဖွဲ့ (CERA) တို့ဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ လယ်တွင် အစုအဖွဲ့ကို ပူးပေါင်းထူထောင်ခဲ့ကြပါသည်။ ပူးပေါင်းထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ လက်ရှိရခိုင်ပြည်နယ်၏ အခြေအနေတွင် စစ်ရေးပဋိပက္ခသင့်ဒေသမှ စစ်ပြေးရှောင်ပြည်သူများကို အချိန်နှင့်တပြေးညီ ထိရောက်စွာ၊ လွမ်းခြုံ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးအပ်မှုနှင့် အရပ်သာအကာအကွယ်ပြုရေးလုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက် မှုပြုနိုင်ရန်အတွက်ဖြစ်ပါသည်။

**စီမံကိန်းမိတ်ဆက်**

လက်ရှိဖြစ်ပေါ်နေသော စစ်ပွဲပဋိပက္ခ၊ အင်တာနက်အပြည့်အဝမရရှိမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် အင်တာနက်စာမျက်နှာများနှင့် မြေပြင်အခြေအနေမှ သတင်းတုများ၊ သတင်းမှားများ၊ ကောလဟာလများ ထွက်ပေါ်လာမှုကို ပြန်လည်ဆန်းစစ်ပြီး သတင်းမှန်များကို အစီရင်ခံတင်ပြရန်။

စီမံကိန်းဧရိယာအတွင်း ဖြစ်ပွားနေသော စစ်ပွဲပဋိပက္ခနှင့် ကိုဗစ်-၁၉ ဖြစ်ပွားနေမှုကြောင့် အရပ်သားပြည်သူများအပေါ် အကျိုးသက်ရောက်မှုဖြစ်ခဲ့သည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများနှင့် အားလုံးလွှမ်းခြုံသည့် အကျဉ်းချုပ်အစီရင်ခံစာကို အပတ်စဉ်တင်ပြရန်။

**အဓိက လုပ်ငန်းတာဝန်များ**

- ရခိုင်လူသားချင်းစာနာထောက်ထားရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ပေါ်လစီမူဝါဒနှင့်စည်းကမ်းချက်များကိုလက်တွေ့အကောင်အထည် ဖော် လုပ်ဆောင်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်။
- စီမံကိန်းပါဝန်ထမ်းများ၊ အထက်အရာရှိများ၊ AHCT ၏ ဦးဆောင်သူများနှင့် ကောင်းမွန်စွာ ဆွေးနွေးတိုင်ပင်ပြီး စီမံကိန်းပြီးမြောက်အောင်လုပ်ဆောင်ရန်။
- အဖွဲ့သားများနှင့် သက်ဆိုင်ရာ မီဒီယာ Group တွင် လုပ်ငန်းနှင့် ဆက်စပ်သော သတင်းအချက်အလက်များနှင့် လုပ်ဆောင်ရမည့် တာဝန်များကို မျှဝေပေးရန်။
- လက်ရှိပြည်သူများခံစားနေရသော အခက်အခဲများကို အများပြည်သူများသို့အချိန်နှင့် တပြေးညီတင်ပြနိုင်ရန် အတွက် အရေအတွက်ပြ သုတေသန Quantitative Research (သို့) အရေအသွေးပြ သုတေသန Qualitative Research နည်းလမ်းများဖြင့် အဓိကအရေးပါသောသတင်းအချက်အလက်များကို ဘက်လိုက်မှုမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကောင်းမွန်စွာ စုဆောင်းပေးရန်။
- မိမိတို့ စီမံကိန်းပြုလုပ်မည့် ဒေသမှ လူထုခေါင်းဆောင်များနှင့်၊ စီမံကိန်းနှင့်ဆက်နွယ်မှုရှိသည့် ဒေသခံလူထုများနှင့် အချိတ်အဆက်များပြုလုပ်ပြီး တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရန်။
- ရရှိလာသော သတင်းအချက်အလက်များကို စီစစ်ကာ စာရေးသူနှင့် သုတေသီများ ပူးပေါင်းပြီး လုံခြုံစိတ်ချရသော ဒေတာဘေစ် (Database) များကောင်းမွန်စွာ ဖန်တီးပြုလုပ်ရန်။
- ရရှိလာသောသတင်းအချက်အလက်များအား မိမိတို့၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/ မရှိ အချက်အလက်များကို စစ်ဆေးပြီး စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်။
- အပါတ်စဉ် နိုင်ငံတကာအဆင့်၊ နိုင်ငံတော်အဆင့်၊ ကျေးလက်ဒေသများတွင် တုန့်ပြန်မှု (Covid Response) လုပ်ဆောင်နေသူများ၏ သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ပြီး စာရေးဆရာများအတွက် အပတ်စဉ် အစီရင်ခံစာပေးပို့ရန်။
- အဖွဲ့အစည်းကိုယ်စားပြု၍ အစိုးရဌာနများ၊ အလှူရှင်အဖွဲ့အစည်းများ၊ စီမံကိန်းမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ အစည်းအဝေးများပြုလုပ်ခြင်းနှင့် အဆက်အသွယ်များ ပြုလုပ်ရန်။
- Social Media နှင့် မိရိုးဖလာ (နေ့စဉ်ဖြစ်ပျက်နေသော) သတင်းများကို စောင့်ကြည့်မှတ်တမ်းတင်ပြီး သတင်းများကို စုစည်းရန်။
- စာရေးသူများလွယ်ကူစွာ ရေးသားနိုင်ရန်အတွက် သတင်းစုစည်းမှု Database တစ်ခုတည်ဆောက်ရန်။

**လိုအပ်သော အရည်အချင်းများ**

- ရခိုင်လူသားချင်းစာနာထောက်ထားရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ တန်ဖိုးထားမှုများ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ကိုက်ညီစွာ တိတိကျကျလိုက်နာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- မိမိ သက်ဆိုင်ရာ ဘာသာရပ်နှင့် ပတ်သတ်ပြီး သင်တန်း(သို့) ကျောင်း တစ်ခုခု အောင်မြင်ပြီးမြောက်ထားပြီး အနည်းဆုံး ဒီပလိုမာ၊ ဒီဂရီ (သို့) ဘွဲ့ တစ်ခုခု ရရှိထားသူဖြစ်ရမည်။
- လူမှုရေးလုပ်ငန်းအဖွဲ့အစည်းလုပ်ငန်းများတွင်အလုပ်အတွေ့အကြုံ အနည်းဆုံး (၂)နှစ် အထက်ရှိသူဖြစ်ရမည်။
- ကိုယ်ကျင့်တရားကောင်းမွန်ပြီး လူအများနှင့် ကောင်းမွန်စွာ ပူးပေါင်းလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- အလုပ်လုပ်ကိုင်ရာတွင်ဝန်ထမ်းများ၊မိတ်ဖက်အဖွဲ့အစည်းများ၊အလှူရှင်များနှင့်ကောင်းမွန်စွာဆက်ဆံပြောဆိုနိုင်ရမည်။
- ရခိုင်တွင်လက်ရှိဖြစ်ပေါ်နေသော အကြောင်းအရာများနှင့် ဆပ်စပ်ပြီးသိရှိနားလည်သူဖြစ်ရမည်။
- သတင်းအချက်အလက်များကို မှား/မှန် ဝေဖန်ခွဲခြမ်းစိတ်ဖြာနိုင်သူဖြစ်ရမည်။
- အထက်အရာရှိမှပေးအပ်သောလုပ်ငန်းတာဝန်များကိုတာဝန်ကျေပွန်စွာအချိန်မှီပြီးမြောက်အောင်စိတ်အားထက်သန်စွာနှင့် လုပ်ဆောင်နိုင်သည့် စွမ်းရည်ရှိရမည်။
- စိတ်ဖိးစီးမှုဒဏ်ကိုခံနိုင်ရည်ရှိပြီး၊ အခက်အခဲများပေါ်ပေါက်လာပါကမိမိတာဝန်ကိုကျေပွန်စွာလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- မတူကွဲပြားသော သူများကို ခွဲခြားဆက်ဆံမှု မပြုဘဲ ထိုသူတို့၏ ယဉ်ကျေးမှုများ၊ လူနေမှုပုံစံများကို လေးစားပြီး အလုပ် လုပ်ကိုင်နိုင်စွမ်းရှိရမည်။
- အင်္ဂလိပ်စာနှင့် မြန်မာစာကို ကောင်းမွန်ကျွမ်းကျင်စွာ ရေး၊ ဖတ်ပြောဆိုနိုင်ရမည်။
- ကွန်ပျူတာ (Microsoft office)၊ အင်တာနက် ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

**လျှောက်လွှာတင်သွင်းရမည့် ပုံစံ**

- အလုပ်လျှောက်ထားသည့် အကြောင်းအရာဖော်ပြချက် (Cover Letter)
- ကိုယ်ရေး အချက်အလက် အပြည့်အစုံ ပါဝင်သည့် စာစောင် (CV)
- မိမိအား အလုပ်အတွေ့အကြုံ၊ ကိုယ်ကျင့် တရား နှင့်ပတ်သက်၍ ထောက်ခံချက်ပေးရန် ယခင်အလုပ်လုပ်ရာမှ အထက်အရာရှိ အနည်းဆုံး (၂) ယောက်၏ အဆက်အဆက်သွယ် **ဖုန်း (သို့) အီးမေးလ်** လိပ်စာ ကိုသာ executive_director@kintha-pdi.org သို့ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ သောကြာနေ့ ည(၁၂) နာရီ မတိုင်မီ** ပေးပို့ရပါမည်။

**မှတ်ချက်။ ။ လျှောက်လွှာများကို စိစစ်ရွေးချယ်ပြီး လူတွေ့အင်တာဗျူး နှင့် ရေးဖြေအင်တာဗျူးအတွက် ခေါ်ဆိုရန်ရွေးချယ်ခံရ သူများကိုသာ ဖုန်း (သို့) အီးမေးလ် ဖြင့် ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။**